## ပေါင်း

အနှောင့်အယှက်ပေးသည့် အပင်၊ မလိုအပ်သည့်နေရာတွင် ပေါက်သည့်အပင်၊ အနှာတရဖြစ်စေသောအပင်၊ လူနှင့် တိရစ္ဆာန်တို့အတွက် စိုက်ပျိုးထားသော သီးနှံများ၏အရေအတွက်နှင့် အရည်အသွေးများအား ကျဆင်းစေသော အပင်ဟူသမျှကို ပေါင်းပင်ဟု ခေါ်ဆိုနိုင်ပါသည်။ ပေါင်းပင်သည် ဆိုးကျိုးသာ ပေးသည်မဟုတ် ကောင်းကျိုးလည်း အတိုင်းအတာတစ်ခုအထိ ပေးပါသည်။

## ပေါင်းပင်၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများ

### ပေါင်းပင်၏ ကောင်းကျိုးများ

၁။ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးသည်။
၂။ သားရဲကောင်နှင့် ကပ်ပါးကောင်များအတွက် တည်းခိုရာနှင့် အစားအစာဖြစ်သည်။
၃။ သီးနှံမျိုးသစ်ထုတ်လုပ်ရန်အတွက် ဗီဇမျိုးသစ်များ ရရှိရာအခြေခံဖြစ်သည်။
၄။ လူနှင့်တိရစ္ဆာန်အတွက် အစားအစာနှင့် ဆေးဘက်ဝင်အပင် ဖြစ်နိုင်သည်။
၅။ မြေဆီလွှာအတွက် မြေဆွေးဓါတ်ဖြည့်စွက်ပေးသည်။
၆။ မြေယာအလှဆင်လုပ်ငန်းများအတွက် အသုံးဝင်စေသည်။
၇။ မျက်စိပသာဒ ဖြစ်စေသည်။
၈။ ပျားများအတွက် ဝတ်ရည်ရရှိစေသည်။

### ပေါင်းပင်၏ ဆိုးကျိုးများ

၁။ သီးနှံအထွက်နှုန်းနှင့်အရည်အသွေး ကျဆင်းစေသည်။
၂။ ရောဂါပိုးမွှားနှင့်ကြွက်တို့အတွက် ကြားလက်ခံပင်ဖြစ်သည်။
၃။ သီးနှံပင်စိုက်ပျိုးပြုစုခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင် အနှောင့်အယှက်ပေးသည်။
၄။ရေသွင်းရေထုတ်လုပ်ငန်းကို နှောင့်ယှက်သည်။
၅။ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုဒုက္ခပေးသည်။
၆။ မြေယာတန်ဖိုး ကျဆင်းသည်။
၇။ ဝတ်မှုန်ကူးပေးသည့် ပိုးမွှားများကို ဆွဲဆောင်သဖြင့် သီးနှံပင်ခြားဝတ်မှုန်ကူးမှုကို လျော့နည်းစေသည်။